စုစည်းကျေးရွာ

သိန္နီမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စုစည်းကျေးရွာ ၊ သိန္နီမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

သိန္နီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၃

(၁) နိဒါန်း ၄

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ ၅

(က) တည်နေရာ ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၅

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ပိုင်ဆိုင်မှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) အတန်းပညာကျွမ်းကျင်မှု

(စ) ရပ်ရေးရွာရေး

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၇

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အဟန့်အတားများ ၉

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၀

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

နိဂုံး ၁၁

- ကျေးရွာသယံဇာတပြန်လည်ပြုပြင်
- ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်
- ကျေးရွာကျေးရွာတွင်း/ပြင်ပ အဖွဲ့အစည်းများပြုပုံ

နောက်ဆက်တွဲ

- ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ နောက်ဆက်တွဲ (၂)
- ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား နောက်ဆက်တွဲ (၃)
- ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း
- အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ
- ကော်မတီဝင်များစာရင်း
- ကဏ္ဍအလိုက် အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁ - ၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၆ - ၂၀၂၇ ခု ၊ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက် ဖြစ်ပြီး ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပါသည်။ စီမံချက်များအတွက်အဖက်ဖက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ ၊ ဆယ်အိမ်မှူးများနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများ ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း လူထုအင်အား စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ကျေးရွာသူကျေးရွာသားများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိနိုင်အောင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ယခုစီမံကိန်းမှ လုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုများကို သိရှိနားလည်လာရုံသာမက အခြားဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့ အဖွဲ့အစည်းများမှ ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သော နေရာများမှလည်း ကောက်ယူနိုင်ခဲ့ကြပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးစသည့်တို့နှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သွားရောက်ရယူရန် လိုအပ်ကြောင်းကိုလည်း သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံချက်သည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ ဘက်ပေါင်းစုံမှ ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်ပေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအားနှစ်အလိုက် ပေါ်ပေါက်လာသည့် အခက်အခဲများပေါ်မူတည်၍ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကို မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရာအိမ်မှူးများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၂၁ ခု နှစ် ၊ နိုဝင်ဘာ လ

စုစည်းကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊သိန်းမြို့။

၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာလူထု၊ ဦးစီးဌာန၊ နိုင်ငံတော် / မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက် ၊ ကျေးရွာသူ / သားများဖြစ်ချင်သောဆန္ဒကို ကျေးရွာသူ/သားများကိုယ်တိုင် စီမံချက်ရေးဆွဲခြင်း၊ ပါဝင်ဆွေးနွေးခြင်းဖြင့် အောင်မြင်သော စီမံကိန်းတစ်ရပ်ဖြစ်တည်လာအောင် ဖော်ဆောင်သည့် အစီအစဉ်ဖြစ်ပါသည်။

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာသူရွာသားများကိုယ်တိုင် ပါဝင်ခဲ့ကြသည်။ မူလကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် အတွေ့အကြုံမရှိသဖြင့် အောင်မြင်စွာရေးဆွဲ နိုင်ခဲ့ခြင်းမရှိပေ။ ယခုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ပန်းတိုင်ရောက်ရှိရန် လမ်းစပေါ်ပေါက်ခဲ့ပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးမှူး၊ လူမှုကူညီရေးအဖွဲ့အစည်း၊ နာယကအဖွဲ့အစည်းလူကြီးမင်းများနှင့်ညှိနှိုင်းတိုင် ပင်ကာ ကျွန်တော်တို့အဖွဲ့အစည်းမှရှေ့သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ ယခင်ဖွဲ့စည်းပုံနှင့် ကျေးရွာတိုးတက်ရေးမှာ နှေးကွေးစွာကြန့်ကြာသည့်အပြင် လူမှုရေး၊စီးပွားရေး၊ အခြားကဏ္ဍများမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်နှစ်ပြီးတစ်နှစ် နောက်ကျ ကျန်ရစ်ခဲ့ပါသည်။ လက်ရှိကျေးရွာအား ဖွံ့ဖြိုးတိုးတက် နိုင်စေရန် နိုင်ငံတော်ကို တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျေးရွာ၏ စီးပွားရေးအင်အား မရှိသည့်အလျောက် တိုးတက်ရေးအပိုင်းတွင် စီမံကိန်းရေးဆွဲသလောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် လက်တွဲပူးပေါင်းကာ လမ်းညွှန်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီနိုင်စေရန် ကြိုးစား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်နှင့်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ကျွန်တော်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြမည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော

ငင်းတို့ ၏ သုတေသနလုပ်ငန်းများကို စိစစ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ယခင်ဖွဲ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသဖြင့် ယခုအခါ ယခင်ကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲခဲ့ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

စုစည်းကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ခရိုင်၊ သိန္နီမြို့နယ်၊ နမ့်စလပ်ကျေးရွာအုပ်စုတွင်တည်ရှိပြီး သိန္နီမြို့၏ အရှေ့မြောက်ဘက် ၊နမ့်စလပ်ချောင်းနှင့် နမ့်တူချောင်းဆုံရာ နမ့်တူချောင်း၏ အရှေ့မြောက်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာသည် ကုန်းမြင့်ဒေသတွင်ရှိပြီး သွားလာရေးမှာ လားရှိုး-ကွမ်းလုံလမ်းမကြီးမှ ကိုယ်ထူကိုယ်ထ (၁)ဖာလုံခန့်နှင့် နယ်စပ်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး (နတလ)မှ မန်ဆာရွာသို့ (၁၁)မိုင်ခန့် ရှည်လျားသော ကျောက်ခင်းလမ်းခင်းကျင်းထားသဖြင့် တစ်နှစ်ပတ်လုံး သွားလာရေးကောင်းမွန်ပါသော်လည်း ရွာတွင်းလမ်းများမှာ ညီညာမှုမရှိဘဲ မိုးရာသီ၌ သွားရေးလာရေးအတွက် အလွန်ခက်ခဲပါသည်။ မြေဆီလွှာအနေအထားနှင့်အရည်အသွေးမှာ ထုံးကျောက်ဆန်သော ယာမြေ၊လယ်မြေ၊မြေနီများဖြစ်၍ သီးနှံစိုက်ပျိုးဖြစ်ထွန်းရန်အတွက် သဘာဝမြေဩဇာနှင့် ဓါတုမြေဩဇာများ အသုံးပြုနေရသော ဒေသတစ်ခုဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

မြေဆီ၊မြေဩဇာ ကောင်းမွန်ခြင်းမရှိသဖြင့် တောင်ယာမြေများတွင် ဒေသနှင့်ကိုက်ညီသော အစေ့ထုတ်ပြောင်းနှင့် ယာစပါးများကို အဓိက အားထားစိုက်ပျိုးကြပြီး နှစ်ရှည်ပင်အဖြစ် ရာဘာများလည်း စိုက်ပျိုးထားကြပါသည်။စုစည်းကျေးရွာသည် ကိုယ်ထူကိုယ်ထသစ်ဝါးများဖြင့် ပြုလုပ်ထားသော ဆည်ရေဝင်လယ်များ ရှိသော်လည်း ရေအလုံအလောက်မရရှိသဖြင့် လယ်သမားများအတွက် အခွင့်အလမ်းကောင်းများ ဆုံးရှုံးနေရပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များကောက်ယူရာတွင် အိမ်ထောင်စုပေါင်း(၂၂၄)ရှိပြီး ၊ ကျား(၆၂၉)ဦး၊ မ(၇၄၂)ဦး၊ စုစုပေါင်းလူဦးရေ (၁၃၇၁)ဦးရှိပြီး တစ်အိမ်လျှင် ပျမ်းမျှ(၆)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ကချင်၊ကိုးကန့်လူမျိုးများ အများဆုံးနေထိုင်ကြပြီး ရှမ်း၊ပလောင်၊ဗမာလူမျိုးများလည်း နေထိုင်ကြပါသည်။အလုပ်လုပ်နိုင်သောအရွယ်သည်ကျေးရွာလူဦးရေ အားလုံး၏ (၇၅%)ရှိသည်။မျိုးသမီးများသည် အမျိုးသားအရေအတွက်ထက် (၁၁၃)ဦးများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်မည့် လူစွမ်းအင်အရင်းအမြစ်များကိုအသုံးချပြီး ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုအောင် ဆောင်ရွက်နိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေပိုင်ဆိုင်မှု

စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဝင်ငွေရ စီးပွားရေးလုပ်ငန်းဖြစ်သော်ငြားလည်း ငွေအရင်းအနှီးလုံလောက်စွာ မြေယာပိုင်ရှင်များသာ ဝင်ငွေအသင့်အတင့်ရှိပြီး ၊တနိုင်တပိုင် စိုက်ပျိုးသူများနှင့် အခြားဝင်ငွေရ နေ့စားလုပ်ကိုင်သူများမှာ ဝင်ငွေနိမ့်ပါးလျက်ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့လူဦးရေသည် မြေယာပိုင်ဆိုင်မှုရှိသော လူဦးရေထက်များသော်လည်း ရာသီအလိုက် ကျပန်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ အရောင်းအဝယ်လုပ်ကိုင်ခြင်း၊ အပ်ချုပ်ဆိုင်ဖွင့်ခြင်း၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ ပန်းရံလုပ်ငန်း၊ ထော်လာဂျီဖြင့် သဲ၊ကျောက် သယ်ယူခြင်းလုပ်ငန်းအစရှိသည့် စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းမှုများဖြင့် စားဝတ်နေရေးအတွက် ရပ်တည်နေထိုင်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် နမ့်စလပ်ကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံရှိသော်လည်း ကျန်းမာရေးဝန်ထမ်းအင်အားနည်းသဖြင့် (၁၈)မိုင်ဝေးကွာသော သိန်နီမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူရရှိနိုင်ပါသည်။ နှစ်စဉ် မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးရောဂါနှင့် ဖျားနာခြင်းများဖြစ်ပွားလေ့ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုများလည်းရှိပါသည်။ အာဟာရအနေဖြင့် နမ့်စလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အ.မ.က စုစည်း(၁)ရှိ ကျောင်းသူကျောင်းသားများအား ကျောင်းသားမိဘ အလှူရှင်ပြည်သူများမှ တခါတရံတိုက်ကျွေးခြင်းများရှိပါသည်။

(င) အတန်းပညာကျွမ်းကျင်မှု

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်အောက်တွင်သာရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာသူ/သား အများစုသည် အခြေခံအရေး၊အဖတ်တွင် အားနည်းမှုရှိပြီး၊ယခုအခါ အထက်တန်းပြီးမြောက် အောင်မြင်သူ၊ ဘွဲ့ရရှိသူ တစ်ယောက်စ၊နှစ်ယောက်စရှိနေပြီဖြစ်ပါသည်။ကျေးရွာတွင် အခြေခံ

မူလတန်းကျောင်း၊မူကြိုကျောင်း၊တရုတ်ကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်းကို နမ့်စလပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနိုင်သောကြောင့် ယခင်ထက် အဆင်ပြေလာပါသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာများတွင် နိမ့်ကျနေဆဲဖြစ်ပါသည်။

(ခ) ရပ်ရေးရွာရေး

ကျေးရွာ၏ ရပ်ရေးရွာရေးလုပ်ငန်းများကို အဖွဲ့အစည်းပေါင်းစုံမှ ပုဂ္ဂိုလ်များ ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ ရွာသူ/သားများသည်လည်း မည်သည့်လုပ်ငန်းကိုမဆို စည်းလုံးညီညွတ်စွာနှင့် ဝိုင်းဝန်းလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှုအားကောင်းပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် သာရေး/နာရေး၊ လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသူ/သားများ စည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့အချို့ရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်းအကောင်အထည်ဖော်ရုံသဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာ ဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံသည် စပါး၊ ပြောင်း၊ ကြက်သွန်ဖြူ၊ ပဲအမျိုးမျိုးနှင့် နှစ်ရှည်ခြံမြေအဖြစ် ရာဘာ ကိုအနည်းငယ်စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးလယ်ယာ (၁၄)ဧက ၊တောင်ယာ(၂၂၃)ဧက ရှိပြီး ပြောင်းအထွက်နှုန်းမှာ (၁)ဧက ပျမ်းမှ (၉၂၂.၅)ပိသာထွက်ရှိပါသည်။ စပါးမာ (၁)ဧက ပျမ်းမှု(၆၀၂)တင်းထွက်ရှိပါသည်။ ကြက်သွန်ဖြူ၊နှမ်း၊ ပဲအမျိုးမျိုးတို့ကို မိရိုးဖလာသီးနှံအဖြစ်သာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင် သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်း မရှိပါ။ တောင်သူများ သီးနှံထုတ်လုပ်မှုသည် ဝင်ငွေနည်းသည့်အတွက် သီးနှံ

ထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။ မွေးမြူရေးတွင် ကျွဲနွားဝက်နှင့် ကြက်တို့ကို အနည်းငယ်သာမွေးမြူကြပါသည်။ ပြည်တွင်းခ္ဒ အခြားဝင်ငွေရ လုပ်ငန်းလုပ်ကိုင်သော လူငယ်များ၊ လူလတ်ပိုင်းများလည်းရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် ရေတွင်း အနည်းငယ်သာရှိပြီး တကိုယ်ရည် သန့်ရှင်းရေးနှင့် လျော်ဖွတ်ရန်အတွက် ချောင်းရေကိုသာ အသုံးပြုကြရပါသည်။

ကျေးရွာတွင်မဟာဓါတ်အားလိုင်းရရှိပြီး ကျေးရွာ၏ အိမ်ထောင်စု အားလုံးနီးပါး လျှပ်စစ်မီးသုံးစွဲနိုင်ပါသည်။

ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် အထိပညာသင်ကြားခွင့်ရရှိနေပြီ ဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု အတွက် ကျေးလက်ကျန်းမာရေးဌာန ရရှိပြီဖြစ်သော်လည်း ကျန်းမာရေးဝန်ထမ်းနည်းမှုကြောင့် သိန္နီမြို့ ပြည်သူ့ဆေးရုံတွင် သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် ရွာသူရွာသားများမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေရယူလျက် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး၊ အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများလည်းရှိပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသူ /သားများသည် အခြေခံ အရေး၊အဖတ်၊အတွက်၊အချက်တို့တွင် တတ်မြောက်မှုအားနည်းကြပြီး တက္ကသိုလ် ပညာရပ်များဖြင့် ဘွဲ့ရသူမှာ အနည်းစုသာရှိပါသည်။ ကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဆင့်အထိ ပညာသင်ကြားခွင့် ရရှိနေပြီဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှု အားနည်းနေခြင်းဖြစ်သည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများ အများသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုနည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး ရာသီဥတုအကူးအပြောင်းတွင် လူငယ်လူကြီးများ ဖျားနာတတ်ကြပါသည်။ နေ့စဉ်အလုပ်အကိုင် အထိုက်အလျောက် လုပ်ကိုင်ကြသည့်အတွက် အသင့်အတင့် အဆင်ပြေကြပြီး ကျေးရွာတွင် မိသားဝင်များ၊ကလေးသူငယ်များအပါအဝင် ယေဘုယျအားဖြင့် အာဟာရချို့တဲ့မှု မရှိကြပါ။

အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို ကျေးလက်ကျန်းမာရေးဌာနတွင် ရရှိနေပြီဖြစ်သော်လည်း ဝန်ထမ်းအင်အား နည်းသည့်အတွက် သိန္နီမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကိုကျန်းမာရေးဌာနမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှာ လယ်ယာမြေများတွင် စပါးစိုက်ပျိုးရာ၌ ကိုယ်ထူကိုယ်ထ သစ်ဝါးများဖြင့်ပြုလုပ်ထားသော ဆည်မြောင်းကိုသာ အသုံးပြုရပြီး ယာမြေများတွင် နှစ်စဉ် နှမ်း၊ပြောင်း၊ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးကြပြီး ခါတုဗေဒကွန်ပေါင်းခါတ်မြေဩ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေးများကို အသုံးပြုခြင်း သဘာဝသစ်ဆွေးမြေဩများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးယိုယွင်းမှုများနှင့် ကြုံတွေ့နေရပါသည်။ ဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးသော ရာဘာနှစ်ရှည်ပင်များတွင် ပေါင်းသတ်ဆေး၊ပိုးသတ်ဆေး များလည်းအသုံးပြုရသောကြောင့် မြေဆီလွှာထိန်းသိမ်းမှုနည်းပြီး သဘာဝပတ်ဝန်းကျင်ကို အနည်းငယ်ထိခိုက်မှုရှိသည်။ ပိုးသတ်ဆေး များအသုံးပြုရာတွင် ခါတ်ကြွင်းအန္တရာယ်လျော့ပါးခြင်းအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များ ကိုလိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းနေသေးကြောင်းတွေ့ရှိရပါသည်။

(ဇ) ကျား-မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊အဝတ်လျှော် ၊ရေခပ်၊ ကလေးထိန်းခြင်း စသည့်ကိစ္စများဆောင်ရွက်သည်။စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများတွင် ပေါင်းသင်ခြင်း၊အမှိုက်ကောက်ခြင်းများပြုလုပ်ကြပြီး အမျိုးသားများသည် ယာထွန်ခြင်း၊ ခြံနွယ်များရှင်းလင်းခြင်း စသည့်လုပ်ငန်းများတွင်လုပ်ကိုင်ကြသည်။ ဘာသာရေးအထိန်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (နှစ်သစ်ကူးပွဲ၊ခရစ်စမတ်ပွဲ၊ကောက်သစ်စားပွဲ) အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ စိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းများတွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြပါသည်။ ဒေသအတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စများတွင် အမျိုးသမီးများ၏ ကဏ္ဍနည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်း ပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား/မတန်းတူ အခွင့်အရေးရရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလလမ်းများရှိသော်လည်း ကျယ်ဝန်းမှုလိုအပ်နေသည့် အတွက် ရွာတွင်းလမ်းများချဲ့ထွင်နိုင်ရေးအတွက် ဆောင်ရွက်ရန်ပံ့ပိုးမှုငွေကြေးအခက်အခဲများရှိခြင်း

နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများလက်လှမ်းမှီမှုအားနည်းခြင်း စသည့်အဟန့်အတားများနှင့် ရင်ဆိုင်နေရပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လမ်းများချဲ့ထွင်ရာတွင် မြေနီရှုံ့မြေဖြစ်သည့်အတွက် ကျောက်ဖြုန်းလမ်းခင်းရုံဖြင့် ကွန်ကရစ်လမ်းကောင်းမွန်ခြင်း၊ သန့်ရှင်းသောသောက်ရေသုံးရေအတွက်တွင်းရေတူးရာတွင်ခက်ခဲ၍ အဝီစိတွင်းတူးနိုင်ပါက အဆင်ပြေနိုင်ခြင်း၊ မွေးမြူရေး၊စိုက်ပျိုးရေးအတွက်လိုအပ်သော မျိုးစေ့၊မြေဩဇာများ၊အရင်းအနှီးများ ထုတ်ချေးပေးပါက အဆင်ပြေနိုင်ခြင်းစသည့် ထောက်ပံ့မှုများ လက်လှမ်းမီမှုရှိပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အထောက်အပံ့များဖြစ်စေနိုင်ပါမည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွင်းမီးတိုင်များစိုက်ထူပြီးသော မူလလမ်းရှိသော်လည်း မိုးရာသီတွင် ရွာတွင်းလမ်းများ ရှုံ့အိုင်များဖြစ်ပေါ်၍ ရွာသူ/ရွာသားများ သွားလာမှုခက်ခဲသောကြောင့် ကွန်ကရစ်လမ်းခင်းရန် လိုအပ်နေပါသည်။ ရွာတွင်းလမ်းများ၊လမ်းခင်းခြင်းဆောင်ရွက်ရန် ပံ့ပိုးမှုငွေကြေးအခက်အခဲများရှိခြင်း၊နည်းပညာပိုင်းဆိုင်ရာ စက်ယန္တရာများလက်လမ်းမီမှုအားနည်းခြင်း စသည့် အချက်အလက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅) နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) မိမိတို့နေထိုင်သော ကျေးရွာသည် ဘာသာရေးပညာရေး၊စီးပွားရေး၊လူမှုရေးစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ စုပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာဖြစ်လာစေရမည်။

(၂) မိမိတို့နေထိုင်သော ကျေးရွာသည် ကျေးရွာအင်္ဂါရုပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ


ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ အောင်မြင်ရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားပါမည်-

ကျေးရွာတွင်နည်းပညာဆိုင်ရာနှင့် စက်ယန္တရားများ၊ငွေကြေးထောက်ပံ့မှုများရရှိရေးတို့ကို ဆောင်ရွက်ပြီး ကျေးရွာသူ/သားများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်၍ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းပြုလုပ်ဆောင်ရွက်မည်။

နိဂုံး

ကျေးရွာလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုရရှိရေး၊ လိုအပ်သော အထောက်အပံ့များရရှိရန် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးကွင်းဆက်ပါလုပ်ငန်းများကိုလည်း (၅)နှစ်တာကာလအတွင်း အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။


နမ့်စလပ်ကျေးရွာအုပ်စု၊စုစည်းကျေးရွာ သယံဇာတပြမြေပုံ



နမ့်စလပ်ကျေးရွာအုပ်စု၊စုစည်းကျေးရွာ ရာသီခွင်ပြပြကွဒိန်



နားဆော့ကျေးရွာအုပ်စု၊ မိုင်းပန်ကျေးရွာ၏
ကျေးရွာအတွင်း/ရွာအပြင်အဖွဲ့အစည်းများမြေပုံ



ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၃	၂၄		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၈	၃၂	၆၀		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆၈	၆၁	၁၂၉		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၄	၇၉	၁၃၃		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၂၈	၅၀၅	၉၃၃	၁	၆
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄၀	၅၂	၉၂	၃	၃
စုစုပေါင်း		**၆၂၉**	**၇၄၂**	**၁၃၅၁**	**၄**	**၉**
စုစုပေါင်း အိမ်ထောင်စု		၂၂၄				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၁၁၃)ဦးများသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၆၉	၃၆၉	-	၂၀၅	၁၆၄		မြင့် ☐ လတ်☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၅	၅		၂	၃		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၆	၆		၆			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၂			၂		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ောျာ်ကြည့်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	-	၁	၂		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		၁			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ .....

.....

.....

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၂၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ .....

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၃	ကောင်း ☐	သင့် ☐	ညံ့ ☑
ယာမြေ / တောင်ယာမြေ	၂၂၃	ကောင်း ☐	သင့် ☐	ညံ့ ☑
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ .....

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ .....

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေ ောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေ ေအာအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂	၅၀	၁၄၆	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ အိမ်ထောင်စု(၂၁၈) တွင် မပြေလည်သော အိမ်ထောင်စုမှာ ထက်ဝက်အောက်တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ .....

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်		၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၁၂		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ .....

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်	✓					
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၇	စားနပ်ရိက္ခာမဖူလုံမှု			✓	✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)			✓	✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း			✓	✓		
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ		✓		✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ			✓	✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု			✓	✓		
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေးခက်ခဲခြင်းစသည်		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။။။ သဘာဝဘေးအန္တရာယ်မှာ ငလျင်လှုပ်ခတ်ပါသည်။သဘာဝအရင်းအမြစ်ရှားပါးမှု၊ဓါတ်မြေဩဇာ အလွန်အကျွံသုံးစွဲမှု၊ ပြည်တွင်းပဋိပက္ခနှင့် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုတို့ကြောင့် ကျေးရွာတွင် ထိခိုက်လွယ်မှု အခြေအနေများ ကြုံတွေ့ရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓			✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု			✓	✓		
၃	ဆင်းရဲသားတောင်သူ			✓	✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓		✓	
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓				✓	
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။။ ကပ်ရောဂါ၊တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ဒေသတွင်း ပဋိပက္ခဖြစ်ပေါ်နိုင်သောအခြေအနေများကြောင့် ကျေးရွာရှိကလေးသူငယ်များ၊အမျိုးသမီးဦးဆောင်သော ဆင်းရဲသားများအတွက် စားဝတ်နေရေးထိခိုက်လွယ်မှုရှိပြီး လူငယ်/လတ်ပိုင်များအတွက် ပညာရေး၌ နှောင့်နှေးကြပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	World Vision	၁□၂☑၃□	၃	၄	၇	ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၂	မေတ္တာ	၁☑၂□၃□	၂	၃	၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၃		၁□၂□၃□	၄	၃	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၄						ပညာရေး☑ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၅						ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းရှိလူမှုအဖွဲ့အစည်းများနှင့် အခြားNGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှု၊ ပိုင်းဝန်းလုပ်ဆောင်မှုတို့ကြောင့် ကျေးရွာတွင်း စီးပွားရေး၊လူမှုရေးများ၌ အဆင်ပြေလည်မှု အနည်းငယ်ရှိလာပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	World Vision	၁□၂□၃□၄□၅☑၆□၇□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၃	ဝုန်းမေတ္တာ	၁☐၂☐၃☐၄☐၅☐၆☑၇☐	ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၄		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်မျ ားဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**) **တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။။။ လက်ရှိကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော World Vision ပြင်ပအဖွဲ့အစည်းသာ ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၁၀		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၃		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၂၂၄		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ မြေယာမဲ့တောင်သူမရှိသော်လည်း ဆင်းရဲသားတောင်သူများပြားမှုကြောင့် စာဝတ်နေရေး ပြေလည်သယောင်ရှိသော်လည်း စီးပွားရေး၊လူမှုရေး၊ပညာရေးများ အလွန်နိမ့်ကျလျက်ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၄	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☑ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑
၃	မြစ်ရေတင်စိမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ☐		
၈	ချောင်းရေ	၁၃	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☑တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ယာမြေတောင်ယာများတွင် ရာသီမိုးကိုသာ အားထားနေရပြီး လယ်မြေများများကိုယ်ထူကိုယ်ထ သစ်ဝါးများဖြင့် ပြုလုပ်ထားသော ဆည်ငယ်လေးများမှ ရေလွှဲယူကာ အလှည့်ကျစနစ်ဖြင့်သာ လယ်မြေများအတွက် အသုံးပြုနေရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၁၉၉	အိတ်	၂၀	၃၀	၂၅	၆	၁၀	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐နိမ့်☑
လယ်(စပါး)	၁၃	တင်း	၅၀	၆၀	၅၅	၆	၁၀	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐နိမ့်☑
ယာ(စပါး)	၂၄	တင်း	၃၀	၄၀	၃၅	၆	၁၀	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐နိမ့်☑
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ လယ်စပါး၊ယာစပါး၊ပြောင်းများမှာ ဒေသအတွက် အဓိက စိုက်ပျိုးသီးနှံများဖြစ်ပြီး ရာသီဥတုဖောက်ပြန်ပါက ပျမ်းမျှ အထွက်နှုန်းအောက်ကျဆင်းတက်၍ ထိခိုက်လွယ်မှုမြင့်လာပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၉			
လက်တွန်းထွန်စက်	၈			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၈			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ စိုက်ပျိုးရေးသုံး စက်ကိရိယာများ အသုံးပြုမှုရှိသော်လည်း နည်းပညာပိုင်းအားနည်းမှု၊ ပြုပြင်ထိန်းသိမ်းမှု အသိပညာမရှိခြင်းတို့ကြောင့်များသောအားဖြင့် မိရိုးဖလာစနစ်များကိုသာ ပိုမိုအသုံးပြုနေကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ☑**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ☑**
စိုက်ပျိုးရေးအရင်းအမြစ်	**ပေါများ□အသင့်အတင့်ရှိ□မဖြေဆိုပါ☑**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ☑**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ□**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်□မဖြေဆိုပါ☑**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ရနိုင်သည်□မဖြေဆိုပါ☑**
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်□မဖြေဆိုပါ☑**
ရာသီဥတုအခြေအနေပြောင်းလဲမှု	**ထိခိုက်သည်☑ မထိခိုက်ပါ □ မဖြေဆိုပါ□**

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
(အပူချိန်၊မိုးရေချိန်)	

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။။။ ရာသီဥတုအခြေအနေပြောင်းလဲမှုကြောင့် စိုက်ပျိုးချိန်နောက်ကျခြင်း သီးနှံအထွက်နှုန်းကျခြင်း ဆုံးရှုံးခြင်းများကြုံတွေ့ရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်☑မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□လယ်ယာမြေဆုံးရှုံးမှုများသည်☑** **လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□** **ပလပ်မြေများရှိသည်□** **ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်□လုံးဝမရ☑မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑**
